ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်၊ ၃/၂၀၁၆
နေပြည်တော်၊ ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၁) ရက်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက် အမှတ် ၃/ ၂၀၁၆ ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ဥပဒေနှင့်အညီ အသေးစား ငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင်အောက်ပါတို့ကိုလိုက်နာဆောင်ရွက်ရမည်-

(က) အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများဆောင်ရွက်ရာတွင်၎င်းတို့၏စီးပွားရေးလုပ်ငန်းပုံစံ(Business Model) ပေါ်မူတည်၍ ကျေးလက်၊ မြို့ပြမခွဲခြားဘဲ လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် ကျေးလက်ဒေသတွင် လုပ်ငန်း ဆောင်ရွက်ခြင်းကို အားပေးသည်။ မြို့ပြတွင် လုပ်ငန်းဆောင်ရွက်သော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ကျေးလက်ဒေသတွင် လုပ်ငန်းဆောင်ရွက်သော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ပေးအပ်ထားသည့် အခွင့်အရေးများကို ခံစားခွင့် မရှိပါ။

(ခ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အသင်းဝင်များသို့ချေးငွေထုတ်ချေး ရာတွင် အသင်းသားများ၏ အမှန်တကယ် ပြန်လည်ပေးဆပ်နိုင်မှုပေါ် မူတည်၍ ထုတ်ချေးရန်ဖြစ်သည်။

(ဂ) မည်သည့် ချေးငွေအမျိုးအစားအတွက်ဖြစ်စေ အသင်းသားများထံမှ အာမခံပစ္စည်း ရယူခြင်း မပြုရ။

(ဃ) ကြီးကြပ်သူ အဖွဲ့အစည်းများမှချေးငွေ ထုတ်ချေးမှုနှင့် သက်ဆိုင်သော စာရင်းဇယား များ တောင်းခံပါက အချိန်နှင့် တစ်ပြေးညီ ပြုစုပေးပို့ရမည်။

(င) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ အရစ်ကျငွေချေးစနစ်ဖြင့် ပစ္စည်းများ ဝယ်ယူခြင်း (Hire purchase) ဝန်ဆောင်မှုပေးရာတွင် အသင်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီသောဝန်ဆောင်မှုများ ပေးနိုင်သည်။ သို့ရာတွင် ပစ္စည်း ဝယ်ယူခြင်းနှင့် သက်ဆိုင်သော အငြင်းပွားမှုများကိုသက်ဆိုင်ရာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းက တာဝန်ယူ ဖြေရှင်းပေးရမည်။ ကြီးကြပ်ကွပ်ကဲသူ များက (Hire purchase) နှင့်သက်ဆိုင်ရာ အကြောင်းအရာ၊ စာရင်းဇယားများ တောင်းခံပါက အချိန်နှင့် တစ်ပြေးညီ ပြုစုတင်ပြရမည်။

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးဥပဒေ ပုဒ်မ(၂၉)အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ငွေကြေးဝန်ဆောင်မှု အသစ်များ ဆောင်ရွက်လိုပါကမိမိတို့ လုပ်ဆောင်မည့် ငွေကြေးဝန်ဆောင်မှုနှင့် သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်မှုပုံစံ (Business Model)၊ လုပ်ငန်းဆောင်ရွက်မည့်အစီအမံ (Business Plan) တို့နှင့်အတူ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီသို့တင်ပြရမည်။

၃။ အထက်ပါ အချက်များနှင့် စပ်လျဉ်း၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၏ယခင်ညွှန်ကြားချက်များကို ဤညွှန်ကြားချက်ဖြင့် ကျော်လွန် လွှမ်းမိုးလိုက်သည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ ( ၀၉၄ /၂၀၁၆)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဩဂုတ် လ ( ၂၉) ရက်

ဖြန့်ဝေခြင်း
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်တာဝန်ခံများအားလုံး၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ